# “၉”

## Fourth Leaf, The

ကျွန်ုပ်သည် အရွက်လေးရွက်ပါသော ကလိုဗာရွက်များကို စုဆောင်းလေ့ရှိသည်။ ဇာထိုးခြင်း၊ ကွင်းဝိုင်းပစ်ခြင်းတို့ကဲ့သို့သော ဝါသနာမျိုးဖြစ်သော်လည်း ဘောလုံးကစားသည့် ဝါသနာမျိုးနှင့်တော့ လုံးဝခြားနားသည်။ ကလိုဗာရွက် စုဆောင်းသူများ၏ မြင့်မြတ်သော ယုံကြည်မှုမှာ စာရွက်တိုင်းသည် တစ်စုံတစ်ခုကို ကိုယ်စားပြုသည်ဟု မှတ်ယူခြင်းဖြစ်သည်။ ပထမအရွက်သည် မျှော်လင့်ချက်၊ ဒုတိယအရွက်သည် ယုံကြည်မှု၊ တတိယအရွက်သည် ချစ်ခြင်းမေတ္တာနှင့် စတုတ္ထအရွက်ကား ကံကောင်းခြင်းဟူ၍ ယူဆကြသည်။

ကံအကောင်းဆုံးမှာကား စတုတ္ထအရွက်ကို ရှာဖွေတွေ့ရှိခြင်း (အရွက်လေးရွက်ပါသော ကလိုဗာရွက်) သည် မင်္ဂလာရှိသောနေ့၊ ကျန်းမာခြင်းနှင့် ပြည့်စုံသောနေ့နှင့် ဘုရားသခင်ကို ထိနမ်းသောနေ့ဖြစ်ခြင်းပင်။ ကျွန်ုပ်အတွက်မှာမူ ကျွန်ုပ်၏ စုဆောင်းမှုဝါသနာအတွက် အဖိုးတန်ပစ္စည်းတစ်ခုရှာဖွေ ရရှိသည့်သဘောပင်ဖြစ်သည်။

တကယ်တော့ ကျွန်ုပ်ကိုယ်တိုင် တစ်ရွက်တလေမျှ မတွေ့ခဲ့ဖူးသေးပါ။ လွန်ခဲ့သော ငါးနှစ်ခန့်က ပထမဦးဆုံးအကြိမ်အဖြစ် လေးရွက်ပါသော ကလိုဗာပင်ကို တွေ့ခဲ့ရသည်။ ကျွန်ုပ်သည် စိတ်ပျက်စရာ ခါတ်ဆီဆိုင်တစ်ဆိုင်တွင် ထိုင်လျက်၊ စီးထားသော ဖိနပ်များကို စိုက်ကြည့်နေခဲ့မိသည်။ ကလိုဗာပင်ကို ကျွန်ုပ်၏ မျက်လုံးထောင့်မှ ဖျတ်ကနဲမြင်လိုက်သည်။ ထိုအပင်က ကျွန်ုပ်ထံသို့ ရောင်ပြန်ဟပ်သကဲ့သို့ ကျွန်ုပ်သည်လည်း စိတ်ကြည်နူးသွားမိသည်။

ထိုနေ့တွင် အရွက်လေးရွက်ပါသော ကလိုဗာရွက်သည် ခူတစ်ကောင်စားသောက်ထားသဖြင့် အပေါက်ဖြစ်နေသော်လည်း ကျက်သရေမင်္ဂလာကို ကိုယ်စားပြုနေမြဲပင်။ ကျွန်ုပ်လိုသော စာရွက်ကိုရသည်ဖြစ်၍ အံ့သြလောက်အောင် ကံကောင်းသည်ကို မတွေ့ရသည့်တိုင် ကလိုဗာရွက်ကို သမ္မာကျမ်းစာအုပ်ကြားထဲသို့ ညှပ်ထားလိုက်ကာ ထိုအရွက်ကို မေးနေခဲ့မိသည်။

တစ်နေ့တွင် ထိုအရွက်အား မိတ်ဆွေအချို့ကို ပြသောအခါ ပိုးစားထားသော အရွက်မှာ မည်သူ့ဘဲ လန်းနေဆဲပင်ဖြစ်သည်။ ထိုသူတို့သည် အရွက် ၄ရွက်ပါသော ကလိုဗာရွက်အစစ်ကို အရင်က မမြင်ဘူးခဲ့ကြပေ။ ထို့ပြင် ကျွန်ုပ်စုဆောင်းမှုအတွက် သူတို့ပါ ကူညီ၍ ရှာဖွေစုဆောင်းပေးမည်ဟု ကမ်းလှမ်းလာကပါသည်။

နောက်တစ်ပတ်တွင် ကျွန်ုပ်၏ မိန်းကလေးသူငယ်ချင်းနှင့် တွေ့သောအခါ သူမက ကျွန်ုပ်အတွက် လေးရွက်ယူလာပေးသည်။ ကျွန်ုပ်လည်း သမ္မာကျမ်းစာအုပ်ကြားထဲရှိ ပိုးစားထားသော အစစ်အမှန်ကလိုဗာရွက်ကလေး၏ နံဘေးတွင် ညှပ်ထားလိုက်ပါသည်။ နောက်ရက်သတ္တပတ်အနည်းငယ်တွင်လည်း သူငယ်ချင်းများ ပို၍ရှာလာပေးကြပါသည်။ အချိန်တိုင်းအတွင်း ကျွန်ုပ်တို့တွင် လေးရွက်ပါသော ကလိုဗာအရွက်များ အတော်အတန် စုမိခဲ့သည်။

ကျွန်ုပ်ကိုယ်တိုင်ကမူ တစ်ရွက်သာရှာနိုင်ပါသေးသည်။

ကျွန်ုပ်လည်း တွေ့ခဲလှသော လေးရွက်ပါ ကလိုဗာရွက်ကို မကြာခဏဆိုသလို ရှာဖွေလေ့ရှိပါသည်။ ၃ရွက်ပါသော အရွက် ၂ရွက်ပါသော အရွက်တို့ကို တွေ့သော်လည်း လေးရွက်ပါသော ကလိုဗာရွက်ကိုမူ မတွေ့ခဲ့ပါ။ ကျွန်ုပ်၏ မိန်းကလေးသူငယ်ချင်းကား လေးရွက်ပါသော ကလိုဗာပင်တစ်ကိုင်း သို့မဟုတ် နှစ်ကိုင်းကို တစ်ပတ်ပြီး တစ်ပတ်ယူလာပေးသောအခါ ကျွန်ုပ်စိတ်ပျက်သွားမိသော်လည်း မည်သို့မျှမတတ်နိုင်ခဲ့ပေ။

ကျွန်ုပ်ကား အရွက်လေးရွက်ပါသော ကလိုဗာရွက်ကို ရှာဖွေတွေ့ရှိသူများ၏ ဘိုးအေဖြစ်သည်။ အနည်းဆုံးတော့ ထိုသူများ၏ ဖခင်ဖြစ်သည်။ ကျွန်ုပ်ကိုယ်တိုင်များစွာ ရှာ၍မတွေ့ခြင်းအတွက် မိမိ၏ကံမကောင်း အကြောင်းမလှမှုအတွက် ငြီးတွားမနေသင့်ပေ။ ကျွန်ုပ်စိတ်ခါတ်ကြံ့ခိုင်သည်ဟု ကိုယ့်ကိုယ်ကို အားပေးမိသည်။ ဆက်ပြီး ကြိုးစားရှာဖွေရမည်။

၃ရွက်ပါသော ကလိုဗာပင် တစ်သောင်းတွင်မှ လေးရွက်ပါသော ကလိုဗာပင်တစ်ပင်သာ တွေ့ရတတ်သည်ဟု ဆိုကြသည်။ မည်သူရှာဖွေနိုင်ပါမည်နည်း။

ကျွန်ုပ်၏ မိန်းကလေးသူငယ်ချင်းကား ထူးခြားလှသည်။

တစ်ပတ်အတွင်းတွင် အရွက်သေးသေးကလေး လေးရွက်စီပါသော ကလိုဗာရွက် ၇ရွက်ကို သူမယူဆောင်လာခဲ့သည်။ သူမ၏ လက်ချောင်းကလေးများကြားတွင် ပြုံးနေကြသော သေးသွယ်သည့် အရွက်ကလေးများဖြစ်သည်။ ကျန်သောအရွက်များနှင့် နှိုင်းယှဉ်လျှင် သူမ၏ အရွက်ကလေးများက ပို၍သေးနေသည်။

ကျွန်ုပ်က ကိုယ့်ဘာသာကိုယ် မကျေမနပ်ပြောဆိုရင်း ထိုအရွက်ကလေးများကို စုထားလိုက်သည်။ ထိုကိစ္စကား မျှတမှုမရှိပေ။ ထောင်နှင့်သောင်းနှင့်ချီ၍ ရှိနေသောအပင်များကြားတွင် လေးရွက်ပါသော ကလိုဗာရွက်ကို ရွေးချယ်ရှာဖွေရန် မည်သူအချိန်ပေးနိုင်ပါသနည်း။ သူမက ကလေးငယ်တစ်စုကိုလည်း ထိန်းကျောင်းရသေးသည်။ ကလေးများက သူမ၏ နံဘေးရှိပန်းခြံထဲတွင် ငြိမ်သက်စွာ ကစားနေခိုက် ကျွန်ုပ်အတွက်လည်း ကလိုဗာရွက်ကို ရှာပေးရသေးသည် မဟုတ်လော။

ကျွန်ုပ်သည် သူမအားနှစ်နှစ်ကာကာ ကြင်နာမြတ်နိုးမိပါတော့သည်။ သို့သော် ကျွန်ုပ်၏နှုတ်မှ တစ်လုံးတစ်ပါဒမျှ မဟနိုင်ခင်မှာပင် သူက လျှို့ဝှက်ပြုံးကလေး ပြုံးလိုက်ပြီး အလွန်ပင်လှပတင့်တယ်၍ ကျက်သရေနှင့် ပြည့်စုံပြီး ထူးဆန်းအံ့သြဖွယ် မြစိမ်းရောင် ကလိုဗာရွက်ကလေးကို ဖျတ်ကနဲ ထုတ်၍ပြလိုက်ပါသည်။ ကျွန်ုပ်ဒူးထောက်၍ အရှုံးပေးရပါတော့သည် ထိုကလိုဗာရွက်ကလေးတွင်ကား အရွက် ၆ရွက်ပါရှိနေပါတော့သည်။

ကျွန်ုပ်၏ အောင့်အည်းသည်းခံနိုင်စွမ်း မရှိတော့ပါ။ ကလိုဗာရွက်ကလေးကို ညင်သာစွာ ဆုပ်ကိုင်ထားလိုက်ပြီး သူမ၏ လျှို့ဝှက်ချက်ကိုပြောပြရန် တောင်းပန်လိုက်မိပါသည်။

သူမ၏ ပြောစကားကို ကျွန်ုပ်ဘယ်တော့မှ မေ့နိုင်တော့မည် မဟုတ်ပါ။

"ကျွန်မမှာ လျှို့ဝှက်ချက်မရှိပါဘူး။"

ရွှန်းလက်သော မျက်ဝန်းများဖြင့်ကြည့်၍ နှုတ်ခမ်းမပွင့်တပွင့်နှင့် တီးတိုးညင်သာစွာ ပြောလိုက်သည်မှာကား

"ကျွန်မက မတွေ့မချင်း ရှာလို့တွေ့တာပါ" ဟူသတည်း မည်မျှမှတ်သားဖွယ် ကောင်းပါသနည်း။ အမြော်အမြင်ရှိလိုက်ပါသနည်း။

ဟုတ်ပါသည်။ လေးရွက်ပါသော ကလိုဗာအရွက်များကို ကျွန်ုပ်တွေ့ခဲ့ရပါသည်။ ယခုဆိုလျှင် သမ္မာကျမ်းစာအုပ်၏ ကမ္ဘာဦးကျမ်းမှသည် ဗျာဒိတ်ကျမ်းအထိပင် ထူနေပေပြီ။ ထို့ကြောင့် "ခွဲမလျှော့ပါနှင့်၊ မတွေ့မချင်း ရှာဖွေပါ။"

တစ်သောင်းတွင်မှ တစ်ပင်တွေ့နိုင်သည်ဆိုသဖြင့် သင်ကြောက်ရွံ့ထိတ်လန့် သွားပါသလား။ အက်ဒီဆင်သည် မီးလုံးကို မတီထွင်နိုင်မီ အကြိမ် ၂၀၀၀ခန့်မျှမအောင်မြင်ဘဲ ဆုံးရှုံးခဲ့ဖူးသည်။ သို့သော် လက်သွားသော အောင်မြင်မှုတစ်ချက်ကြောင့် တစ်ကမ္ဘာလုံးကို အလင်းရောင်စတင်ဖြန့်ဝေနိုင်ခဲ့ခြင်း ဖြစ်သည်။

သင့်တွင် တစ်သောင်းထဲမှတစ်ခုကို ရှာနိုင်သောအချိန်ရှိပါသလား။ ယင်းကား သင်ထိုတန်ဖိုးကို မည်မျှအလိုဆန္ဒပြင်းပြစွာ လိုချင်သည်ဟူသောအပေါ်တွင် မူတည်သည်။

ကလိုဗာရွက်ဖြစ်စေ၊ အောင်မြင်မှုကိုဖြစ်စေ၊ ချစ်ခြင်းမေတ္တာကိုဖြစ်စေ သင်ရှာဖွေနေသည်ဆိုပါက ရည်မှန်းချက်ကို လက်ဆုပ်ကိုင်မမိမချင်း မရပ်နားပါဟု သန္နိဋ္ဌာန်ချလိုက်ပါ။ သင်နှင့်ကပ်လျက်တွင်ပင် လေးရွက်ပါသော ကလိုဗာရွက်ရှိနေကောင်း ရှိနေပါလိမ့်မည်။

ထိုလေးရွက်သည် ပျော်ရွှင်မှု သို့မဟုတ် ကျန်းမာခြင်း သို့မဟုတ် အကောင်းဆုံးသောကံကို ကိုယ်စားပြု၍ ဖော်ညွှန်းချင်မှ ဖော်ညွှန်းပေမည်။

သို့ရာတွင် စင်စစ်အားဖြင့် "ခွဲရှိခြင်း" ကိုတော့ ဖော်ညွှန်းပါလိမ့်မည်။

(ဂျိုး အင်မာရမ်သင်း)

**(By. Joe Amaranthine)**